P.O Box 22, Mae Sot Post Office, Tak Province 63110, Thailand
E-mail: karen_unity@yahoo.com

**Karen National Unity Seminar**

# ကရင်အမျိုးသားအချင်းချင်းကြား နားလည်မှုလွဲမှားကြသော သွေးချင်းညီအစ်ကိုမောင်နှမများနှင့် အဖွဲ့အစည်းများထံသို့ အိတ်ဖွင့်ပေးစာ

၂၄ မေလ ၂၀၁၀ ခုနှစ်

သို့

**ကရင်အမျိုးသား ညီအစ်ကိုမောင်နှမများနှင့် အဖွဲ့အစည်းများ**

(၇)ကြိမ်မြောက် ကရင်အမျိုးသားစည်းလုံးညီညွတ်ရေး နှီးနှောဖလှယ်ပွဲကို ၂၀၁၀ခုနှစ်၊ မေလ ၁၇ရက်မှ ၂၁ရက်နေ့အထိ ကရင်အမျိုးသားနယ်မြေဒေသတခုတွင် ကျင်းပခဲ့ပါသည်။ ထိုနှီးနှော ဖလှယ်ပွဲသို့ နိုင်ငံတကာ၊ ပြည်တွင်းနှင့် ထိုင်းနိုင်ငံနယ်စပ်ဒေသတလျှောက်ရှိ ကရင်အဖွဲ့အစည်း ၃၇ ဖွဲ့မှ တက်ရောက်သူများအားလုံးသည် ကရင်အမျိုးသားထုကြီးတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို လိုလားတောင့်တသည့်အားဖြင့် ဤစာကို ရေးသားပေးပို့လိုက်ပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ ၂၀၁၀ခုနှစ်အတွင်း စစ်အစိုးရ၏ ရွေးကောက်ပွဲနှင့် နယ်ခြားစောင့်တပ်ဖြစ်ရေး အစီအစဉ်သည် အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများနှင့် ကရင်တမျိုးသားလုံးအတွက် တိကျခိုင်မြဲပြီး လုံခြုံစိတ်ချရသော ဘဝအာမခံချက် မပေးစွမ်းနိုင်သည့် အပြင် နအဖ စစ်အုပ်စု အာဏာဆက်လက်တည်မြဲရန်အတွက် လုပ်ဆောင်နေခြင်းသာ ဖြစ်သည်။

ထို့ကြောင့် နအဖ စစ်အစိုးရ၏ **နိုင်ငံရေးပရိယာယ်ဖြင့်** ယုတ်မာရက်စက်သော အကြံအစည်များကို အပစ်ရပ်အဖွဲ့များအနေဖြင့် လိုက်နာဆောင်ရွက်ခြင်း မပြုကြရန်နှင့် ကရင်အမျိုးသားထုကြီး တရပ်လုံး ကာလကြာမြင့်စွာ ခံစားခဲ့ရသော ဆင်းရဲဒုက္ခများကို ထောက်ထားညှာတာ၍ ယခင်က အကြောင်းအမျိုးမျိုးကြောင့် အချင်းချင်းကြား ဖြစ်ပေါ်ခဲ့သော နာကျည်းမှုများကို သင်ပုန်းချေပြီး ကရင်တမျိုးသားလုံး၏ ဘဝသာယာရေးကို ရှေးရှုကာ ညီညွတ်စွာ ပြန်လည် လက်တွဲကြပါရန် ကျွန်ုပ်တို့ ကရင်အမျိုးသား စည်းလုံးညီညွတ်ရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်အားလုံးမှ တိုက်တွန်းလိုက်ပါသည်။

ချစ်ခင်ရင်းနှီးစွာဖြင့်

ကရင်အမျိုးသား စည်းလုံးညီညွတ်ရေး နှီးနှောဖလှယ်ပွဲ ကိုယ်စားလှယ်များ